## SMART DEAL (INSTALLMENT PAYMENT PLAN) ဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

KBZ ဘဏ် ၏ Smart Deal (**"Installment Payment Plan" သို့မဟုတ် "IPP")** အား အသုံးပြုခွင့်ရယူခြင်း သို့မဟုတ် အသုံးပြုခြင်းပြုလုပ်မည့်သူအားလုံးလိုက်နာရန်အတွက် ကမ္ဘောဇဘဏ်လီမိတက် ("KBZ ဘဏ်") သည် အောက်ဖော်ပြပါ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအားထုတ်ပြန်လိုက်ပါသည်။ Smart Deal ဝန်ဆောင်မှုအားတောင်းခံခြင်း၊ လျှောက်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းများ သို့မဟုတ် ကတ်ကိုင်ဆောင်သူကိုယ်စား ယင်းဝန်ဆောင်မှုအား အခြားသူများသုံးစွဲစေရန်ခွင့်ပြုခြင်းဖြင့် ကတ်ကိုင်ဆောင်သူသည် KBZ ဘဏ်က အခါအားလျော်စွာပြင်ဆင်နိုင်သည့် ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား၊ ဖတ်ရှု၊ နားလည်သဘောပေါက်ကြောင်း ဝန်ခံအသိအမှတ်ပြုပြီး ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ၏ စည်းနှောင်မှုကိုခံယူပါမည်ဖြစ်ကြောင်း ဝန်ခံအသိအမှတ်ပြုသဘောတူပါသည်။

### ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁။၁။ **"ငွေစာရင်း"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူက KBZ ဘဏ်တွင် တစ်ဦးချင်းဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ၊ လက်ရှိ ဖွင့်လှစ်ထားသော သို့မဟုတ် နောင်တွင်ဖွင့်လှစ်မည့် စာရင်းရှင်အပ်ငွေ၊ စုငွေ သို့မဟုတ် အခြားမည်သည့်အမျိုးအစားမဆို ပါဝင်သော ဘဏ်ငွေစာရင်းအားလုံးကိုဆိုလိုသည်။

၁။၂။ **"ခွင့်ပြုထားသည့်ပုဂ္ဂိုလ်"** ဆိုသည်မှာ ညွှန်ကြားချက်များပေးရန်၊ စာရွက်စာတမ်းများကို စီမံရန် သို့မဟုတ် လက်မှတ်ထိုးရန် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ကတ်စာရင်းကို စီမံရန် ကတ်ကိုင်ဆောင်သူအတွက် သို့မဟုတ် ကတ်ကိုင်ဆောင်သူကိုယ်စား လုပ်ဆောင်ရန်အတွက် ကမ္ဘောဇဘဏ်မှအတည်ပြုထားသည့် ကတ်ကိုင်ဆောင်သူမှ အပ်နှင်းထားသော (တစ်ဦးတည်းဖြစ်စေ၊ အခြားပုဂ္ဂိုလ်/ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ဖြစ်စေ) ပုဂ္ဂိုလ်ကို ဆိုလိုသည်။

၁။၃။ **"အလုပ်ဖွင့်ရက်"** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁။၄။ "**ကတ်**" ဆိုသည်မှာ KBZ ဘဏ်မှ ကတ်ပိုင်ရှင်ထံသို့ ယခုဖြစ်စေ၊ နောင်တွင်ဖြစ်စေ ထုတ်ပေးထားသော၊ အရစ်ကျငွေပေးချေမှုစနစ် (Installment Payment Plan) တွင် ပါဝင်အသုံးပြုနိုင်သည့် မည်သည့် ခရက်ဒစ်ကတ် (Credit Card) ကိုမဆို ဆိုလိုသည်။

၁။၅။ "**ကတ်ကိုင်ဆောင်သူ**" ဆိုသည်မှာ Smart Deal ကိုလျှောက်ထား၊ အသုံးပြုရန် သတ်မှတ်ချက်နှင့်ကိုက်ညီပြီး KBZ ဘဏ်ကအတည်ပြုပေးထားသည့် credit ကတ်၏မူလပိုင်ရှင် ကိုဆိုလိုပြီး ၎င်းတွင် အကြောင်းအရာအရ ခွင့်ပြုပေးထားသည်နှင့်အညီ Smart Deal ကြောင့်ဖြစ်ပေါ်လာရသည့် တာဝန်ဝတ္တရားများ အားလုံးအတွက် မူလ credit

KBZ BANK
STRENGTH OF MYANMAR

ကတ်ကိုင်ဆောင်သူက အပြည့်အဝတာဝန်ပေးရမည့် KBZ ဘဏ်က အတည်ပြုထားသည့် credit ကတ် ကိုင်ဆောင်သူများလည်း ပါဝင်သည်။

၁။၆။ "**ဗဟိုဘဏ်**" ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုလိုသည်။

၁။၇။ "**ချေးငွေကန့်သတ်ချက်**" ဆိုသည်မှာ အရစ်ကျငွေပေးချေမှုစနစ် အောက်တွင် ပြောင်းလဲသတ်မှတ်ထားသော မည်သည့်ပမာဏမဆို အပါအဝင် ကတ်ပေါ်တွင် မည်သည့်အချိန်၌မဆို အများဆုံးအသုံးပြုခွင့်ပေးထားရန် KBZ ဘဏ်မှ ခွင့်ပြုသတ်မှတ်ထားသည့် အမြင့်ဆုံးငွေပမာဏကို ဆိုလိုသည်။

၁။၈။ **"အဖိုးအခနှင့် ဝန်ဆောင်ခ လမ်းညွှန်"** ဆိုသည်မှာ ကတ်စာရင်းနှင့် ဤသဘောတူစာချုပ်တွင် နောက်ဆက်တွဲ ၁ ၌ စာရင်းပြုစုထားသော ကတ်များကိုအသုံးချသည့် အဖိုးအခနှင့်ဝန်ဆောင်ခများကို ဆိုလိုသည်။

၁။၉။ "**Installment Payment Plan သို့မဟုတ် Smart Deal**" ဆိုသည်မှာ ဤစည်းကမ်းသတ်မှတ်ချက်များအရ ကတ်ကိုအသုံးပြု၍ သတ်မှတ်ချက်နှင့်ကိုက်ညီသော ဝယ်ယူမှု ကို လစဉ်ပုံသေအရစ်ကျ ငွေပေးချေမှုများအဖြစ် ပြောင်းလဲပေးနိုင်ရန် KBZ ဘဏ်မှ "Smart Deal" အမည်ဖြင့် ကမ်းလှမ်းထားသည့် အရစ်ကျငွေပေးချေမှု ဝန်ဆောင်မှုကို ဆိုလိုသည်။

၁။၁၀။ "**အရစ်ကျစနစ်သို့ပြောင်းလဲသည့်နေ့**" ဆိုသည်မှာ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဝယ်ယူမှုအား Installment Payment Plan အဖြစ်သို့အောင်မြင်စွာပြောင်းလဲလိုက်သည့်နေ့ကိုဆိုလိုသည်။

၁။၁၁။ "**အတိုး**" ဆိုသည်မှာ ကျန်ရှိနေသော အရစ်ကျပေးချေရန် ငွေလက်ကျန်အပေါ် KBZ ဘဏ်မှ အခါအားလျော်စွာ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံသည့် အတိုးငွေကို ဆိုလိုသည်။

၁။၁၂။ "**KBZ ဘဏ်**" ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် KBZ ဘဏ်ကထူထောင်ဖွင့်လှစ်မည့် ဘဏ်ခွဲများအပါအဝင် KBZ ဘဏ်၏ဘဏ်ခွဲများအားလုံး ကိုဆိုလိုသည်။

၁။၁၃။ "**ဆုံးရှုံးမှု**" ဆိုသည်မှာ ကတ်ကြောင့်ဖြစ်စေ၊ ကတ်နှင့်ဆက်နွယ်၍ဖြစ်စေ သို့မဟုတ် ဝန်ဆောင်မှုကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေါ်ပေါက်လာရသည့် အပြည့်အဝပေးလျော်ရမည့် တရားရေးစရိတ်အပါအဝင် စောဒကတက်မှု၊ အရေးယူဆောင်ရွက်မှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု၊ တောင်းခံမှု၊ ပေးရန်တာဝန်ဖြစ်ပေါ်မှု၊ ဒဏ်ကြေး၊ ကုန်ကျစရိတ် သို့မဟုတ် အသုံးစရိတ်အမျိုးမျိုး ကိုဆိုလိုသည်။

၁။၁၄။ "**Mobile ဝန်ဆောင်မှု**" ဆိုသည်မှာ credit ကတ်နှင့်ဆက်နွယ်သော ဘဏ်လုပ်ငန်းဝန်ဆောင်မှု နှင့်/သို့မဟုတ် ကတ်ကိုင်ဆောင်သူ အနေနှင့် ကတ်ဆိုင်ရာအချက်အလက်များ သို့ဝင်ရောက်နိုင်မည့်၊ Smart Deal အားလျှောက်ထားနိုင်မည့်၊ အီလက်ထရောနစ်စနစ်ဖြင့် ဆက်စပ် ငွေကြေးလွှဲပြောင်းမှုများပြုလုပ်နိုင်မည့် mobile devices သို့မဟုတ် applications များမှတစ်ဆင့် KBZ ဘဏ်က အခါအားလျော်စွာ ကမ်းလှမ်းမည့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှု ကို ဆိုလိုသည်။

၁။၁၅။ “**မြန်မာကျပ် သို့မဟုတ် ကျပ်ငွေ**” ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင်ငွေကြေးကို ဆိုလိုသည်။

၁။၁၆။ “**ကြွေးမြီလက်ကျန်**” ဆိုသည်မှာ ကတ် နှင့်/သို့မဟုတ် Installment Payment Plan နှင့်ဆက်နွယ်ပြီး တက်လာသည့်အတိုးဖြစ်စေ၊ တောင်းခံလွှာထုတ်ပေးပြီးဖြစ်စေ၊ တောင်းခံလွှာထုတ်ပေးရခြင်းမရှိသေးသည်ဖြစ်စေ၊ အမှန်ကုန်ကျငွေဖြစ်စေ၊ ပေးဆောင်ရမည့်အခြေအနေဖြစ်စေ၊ အရင်း၊ အတိုး၊ အဖိုးအခ၊ အခကြေးငွေ၊ ဒဏ်ကြေးများ သို့မဟုတ် အခြားသောငွေကြေးများ ဖြစ်စေ၊ သတ်မှတ်ပေးထားသည့်အချိန်တစ်ခုအတွင်း ကတ်ကိုင်ဆောင်သူက KBZ ဘဏ်သို့ ပေးချေရန်ရက်စေ့ရောက်သည့်၊ ပေးချေရမည်ဖြစ်သည့်၊ ကြွေးတင်နေသည့် သို့မဟုတ် ပေးချေခြင်း မပြုရသေးသည့် မည်သည့်ပမာဏ မဆိုကို ဆိုလိုသည်။

၁။၁၇။ “**ပေးချေရန်ရက်စေ့ရောက်သည့်နေ့**” ဆိုသည်မှာ အချိန်စေ့ရက်စွဲရောက်နေပြီဖြစ်သော ပေးချေရမည့်အနည်းဆုံးပမာဏ သို့မဟုတ် စုစုပေါင်းပမာဏ အား credit ကတ်ရှင်းတမ်းတွင်ဖော်ပြထားသည့် နေ့ကိုဆိုလိုသည်။

၁။၁၈။ “**PIN**” ဆိုသည်မှာ ကတ်နှင့်ဆက်နွယ်အသုံးပြုရန်အတွက် KBZ ဘဏ်ကထုတ်ပေးထားသော သို့မဟုတ် ကတ်ကိုင်ဆောင်သူက ရွေးချယ်ထားသော လူတစ်ဦးချင်းစီ၏ကိုယ်ရေးကိုယ်တာ လုံခြုံရေးအတွက် အသုံးပြုသော လျှို့ဝှက်နံပါတ် ကိုဆိုလိုသည်။

၁။၁၉။ “**မူလကတ်ကိုင်ဆောင်သူ**” ဆိုသည်မှာ Installment Payment Plan ကို လျှောက်ထားနိုင်ပြီး Smart Deal နှင့် ပတ်သက်သည့် တာဝန်ဝတ္တရားများအား အပြည့်အဝတာဝန်ရှိသည့် KBZဘဏ်မှ ထုတ်ပေးထားသည့် ကတ်အား မူလကိုင်ဆောင်သူ ကိုဆိုလိုသည်။

၁။၂၀။ “**ဝန်ဆောင်မှုများ**” ဆိုသည်မှာ KBZ ဘဏ်မှ ထုတ်ပေးထားသော ကတ်ဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသော ဝယ်ယူမှု များအတွက် ကတ်ပိုင်ရှင်ထံသို့ KBZ ဘဏ်မှ ပံ့ပိုးပေးထားသည့် အရစ်ကျငွေပေးချေမှုအစီအစဉ် (“Smart Deal”) ကို ဆိုလိုပြီး၊ ယင်းနှင့်အတူ အဆိုပါ အရစ်ကျငွေပေးချေမှုအစီအစဉ် (“Smart Deal”) နှင့် စပ်လျဉ်း၍ KBZ ဘဏ်မှ အခါအားလျော်စွာ ကမ်းလှမ်းသော ဆက်စပ်ဝန်ဆောင်မှုများ၊ ဝိသေသလက္ခဏာများ၊ လုပ်ဆောင်ချက်များ၊ လုပ်ငန်းစဉ်များ သို့မဟုတ် ပံ့ပိုးကူညီမှု ဝန်ဆောင်မှုအားလုံးကိုလည်း ဆိုလိုသည်။

၁။၂၁။ “**ရှင်းတမ်း**” ဆိုသည်မှာ ဝယ်ယူမှုများ၊ အရစ်ကျပေးချေမှုဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ကြွေးကျန်များ၊ ပေးချေရမည့်ကတိကဝတ်များကို ဖော်ပြထားသော KBZ ဘဏ်ကထုတ်ပြန်ပေးသည့် credit ကတ် ပုံမှန်ငွေစာရင်းရှင်းတမ်း ကိုဆိုလိုသည်။

၁။၂၂။ “**ဆင့်ပွားကတ်**” ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ ကတ်စာရင်းတွင် နောက်ဆက်တွဲကတ်နံပါတ်အဖြစ် ကတ်ကိုင်ဆောင်သူမှ ခွင့်ပြုထားပြီး ကမ္ဘောဇဘဏ်က အတည်ပြုထားသော ပုဂ္ဂိုလ်ကိုထုတ်ပေးသည့် ကတ်ကို ဆိုလိုသည်။

၁။၂၃။ “**ဝယ်ယူမှု**” ဆိုသည်မှာ KBZ ဘဏ်မှ ထုတ်ပေးထားသော ကတ် သို့မဟုတ် ကတ်အချက်အလက်များကို အသုံးပြု၍ ကတ်ပိုင်ရှင်မှ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူခြင်းကို ဆိုလိုသည်။ ယင်းဝယ်ယူမှုသည် အောင်မြင်စွာ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည့်အပြင် ကတ်ပိုင်ရှင်၏ ကတ်စာရင်းတွင် စာရင်းသွင်းမှတ်တမ်းတင်ပြီး ဖြစ်ရမည်။ ထို့ပြင် KBZ ဘဏ်မှ

အခါအားလျော်စွာ သတ်မှတ်နိုင်သည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့် စံနှုန်းများအရ အရစ်ကျငွေပေးချေမှုစနစ် (Installment Payment Plan) သို့ ပြောင်းလဲရန် အရည်အချင်းပြည့်မီသော ဝယ်ယူမှုမျိုးလည်း ဖြစ်ရမည်။

၁။၂၄။ "**Website**" ဆိုသည်မှာ at www.kbzbank.com. ရှိ KBZ ဘဏ်၏ website ကိုဆိုလိုသည်။

## ၂။ မိတ်ဆက်ခြင်း

၂။၁။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ၏ရည်ရွယ်ချက်အတွက် KBZ ဘဏ်၏ မည်သည့်ပုံစံမျိုးနှင့်မဆိုဖြစ်သည့် ကတ်အား ကိုင်ဆောင်ထားသူသည် သက်ဆိုင်ရာကတ်၏ စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များနှင့်အတူ သတ်မှတ်ချက်နှင့် အကျုံးဝင်ကိုက်ညီမှု၊ အတည်ပြုမှု တို့ကိုလိုက်နာလျက် KBZ ဘဏ်ကအခါအားလျော်စွာပေးမည့် Installment Payment Plan ကို လျှောက်ထားနိုင်သည်။။

၂။၂။ Smart Deal အားသတ်မှတ်ချက်နှင့်ကိုက်ညီသည့် credit ကတ်ကိုင်ဆောင်သူများသာလျှင် ရရှိနိုင်ပါသည်။ ကတ်ကိုင်ဆောင်သူသည် ဤသဘောတူညီချက်အပြင် သက်ဆိုင်ရာ credit ကတ်ကိုအစိုးရနေသည့် စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာရမည်။

၂။၃။ ကတ်အမျိုးအစားတစ်ခုချင်းစီအလိုက် သီးခြားနောက်ဆက်တွဲစည်းကမ်းသတ်မှတ်ချက်များ ရှိနိုင်ပြီး၊ အဆိုပါသတ်မှတ်ချက်များနှင့် ဤသဘောတူညီချက်ပါ အချက်အလက်များအကြား တစ်စုံတစ်ရာ ကိုက်ညီမှုမရှိခြင်း သို့မဟုတ် တိုက်ရိုက်ဆန့်ကျင်နေခြင်းများ ရှိလာပါက သက်ဆိုင်ရာကတ်အမျိုးအစားအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကိုသာ အတည်အဖြစ် ဦးစားပေး လိုက်နာဆောင်ရွက်ရမည်။

## ၃။ လက်ခံသဘောတူခြင်းနှင့်သက်ရောက်မှုရှိခြင်း

၃။၁။ Installment Payment Plan အားလျှောက်ထားခြင်းနှင့် အသုံးပြုခြင်းဖြင့် ကတ်ကိုင်ဆောင်သူသည် ဤသဘောတူညီချက်တွင် ဖော်ပြထားသည့် စည်းမျဉ်းနှင့်စည်းကမ်းများအား ဖတ်ရှုပြီး၊ နားလည်ပြီး၊ လက်ခံပြီးဖြစ်ကြောင်း မှတ်ယူသောကြောင့် ဤသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို အချိန်တိုင်းလိုက်နာရန် ကတ်ကိုင်ဆောင်သူက သဘောတူသည်။။။ ဤသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ၎င်းတို့၏ ပြင်ဆင်ချက်များသည်အောက်ပါတို့နှင့်အကျုံးဝင် သက်ဆိုင်သည် -

၃။၁။၁။ KBZ ဘဏ်မှ ကတ်ကိုင်ဆောင်သူထံသို့အခါအားလျော်စွာခွင့်ပြုပေးမည့် Smart Deal ဝန်ဆောင်မှု မှန်သမျှ၊

၃။၁။၂။ KBZ ဘဏ်က ကတ်ကိုင်ဆောင်သူထံသို့အခါအားလျော်စွာထုတ်ပေးမည့် Smart Deal ဝန်ဆောင်မှုမှန်သမျှ

၃။၁။၃။ Smart Deal ဝန်ဆောင်မှုအားကတ်ကိုင်ဆောင်သူကအသုံးပြုသည့်အကြိမ် တစ်ကြိမ်စီတိုင်း

၃။၂။ KBZ ဘဏ်သည် ဤသဘောတူညီချက်အား မည်သည့်အချိန်တွင်မဆို ကြိုတင်အကြောင်းကြားစာပေးပို့၍ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် နောက်ဆုံးပေါ်အခြေအနေနှင့်အညီ မွမ်းမံခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိသည်။ Smart Deal စည်းကမ်းသတ်မှတ်ချက်များ၏ နောက်ဆုံးဗားရှင်းကို KBZ ဘဏ်၏ ဝဘ်ဆိုက်စာမျက်နှာပေါ်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

## ၄။ အရစ်ကျပေးချေမှုအစီအစဉ် (“SMART DEAL”)

### ၄။၁။ Smart Deal လျှောက်ထားခြင်း

၄။၁။၁။ KBZ ဘဏ်ကအခါအားလျော်စွာသတ်မှတ်နိုင်သည့် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီမှု စံနှုန်း များ၊ ဝယ်ယူမှုအနိမ့်ဆုံးပမာဏ၊ သက်ဆိုင်ရာသက်တမ်း နှင့်အခြားသောလိုအပ်ချက်များကိုလိုက်နာလျက် ကတ်ကို သုံးပြီး မူလကတ်ကိုင်ဆောင်သူနှင့် ဆင့်ပွားကတ် ကိုင်ဆောင်သူသည် Installment Payment Plan (“Smart Deal”) ကိုလျှောက်ထားနိုင်သည်။ Smart Deal အားလျှောက်ထားမှုမှန်သမျှ အားလုံးအား KBZ ဘဏ်ကသတ်မှတ်ထားသည့် လမ်းကြောင်းမှတစ်ဆင့် လျှောက်ထားနိုင်သည်။

၄။၁။၂။ ဆင့်ပွားကတ် ကိုင်ဆောင်သူ မှ အရစ်ကျငွေပေးချေမှုစနစ် (“Smart Deal”) ကို လျှောက်ထားရာတွင် မူလကတ်ကိုင်ဆောင်သူ ၏ ကြိုတင်သဘောတူညီချက်နှင့် အတည်ပြုချက် လိုအပ်နိုင်ပါသည်။ အရစ်ကျငွေပေးချေမှုစနစ်အား ငွေကြေးလွှဲပြောင်းခြင်း သို့မဟုတ် အတည်ပြုခြင်းမပြုမီ အဆိုပါသဘောတူညီချက် လိုအပ်နိုင်သည်ကို ဆင့်ပွားကတ် ပိုင်ရှင်မှ သိရှိနားလည်သဘောတူပါသည်။ အတည်ပြုပေးလိုက်သော မည်သည့် အရစ်ကျငွေပေးချေမှုစနစ် (“Smart Deal”) ကိုမဆို မူလကတ်ပိုင်ရှင်မှ သိရှိပြီးဖြစ်ကြောင်းနှင့် လက်ခံပြီးဖြစ်ကြောင်း မှတ်ယူရမည်။ မူလကတ်ပိုင်ရှင်နှင့် ဆင့်ပွားကတ်ပိုင်ရှင် နှစ်ဦးစလုံးမှ ပြုလုပ်ခဲ့သော အရောင်းအဝယ်ပြုလုပ်မှု အားလုံးအတွက်လည်းကောင်း၊ ယင်းမှ ပေါ်ပေါက်လာသော တာဝန်ဝတ္တရားများနှင့် ပေးရန်တာဝန်ရှိမှု အားလုံးအတွက်လည်းကောင်း အဓိကကတ်ပိုင်ရှင်တွင်သာ အပြည့်အဝ တာဝန်ရှိစေရမည်။

၄။၁။၃။ Smart Deal လျှောက်လွှာအား တင်သွင်းခြင်းသည် သက်ဆိုင်ရာ ဝယ်ယူမှု ကို အရစ်ကျငွေပေးချေမှုစနစ်သို့ ပြောင်းလဲရန် ကတ်ပိုင်ရှင်၏ ပြန်လည်ရုပ်သိမ်း၍မရသော တောင်းဆိုချက်နှင့် သဘောတူညီချက် ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ဤသဘောတူညီချက်၊ သက်ဆိုင်ရာ ကတ်စည်းကမ်းသတ်မှတ်ချက်များ နှင့် KBZ ဘဏ်မှ အခါအားလျော်စွာ အကြောင်းကြားနိုင်သည့် Smart Deal နှင့် သက်ဆိုင်သော နောက်ထပ်စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရန် ကတ်ပိုင်ရှင်မှ သဘောတူညီပြီး ဖြစ်ရမည်။

၄။၁။၄။ Smart Deal အားလျှောက်ထားမှုအားလုံးသည့် KBZ ဘဏ်ကငင်းတစ်ဦးတည်း၏ဆုံးဖြတ်ချက်ဖြင့်ပြုလုပ်မည့် အတည်ပြုချက်ကိုလိုက်နာရမည်ဖြစ်ပြီး KBZ ဘဏ်သည် မည်သည့်အကြောင်းပြချက်မျိုးကိုမှုမပေးဘဲ လျှောက်လွှာအားအတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။ Smart Deal သည် KBZ ဘဏ်ကအတည်ပြုချက် ပေးပြီးသည်နှင့်အတည်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူ၏ကတ်ရှင်းတမ်းတွင် သို့မဟုတ် KBZ ဘဏ်က ထုတ်ပြန်မည့် အခြားသောအသိပေးအကြောင်းကြားမှုများတွင် တွေ့ရှိနိုင်မည်ဖြစ်သည်။

၄။၁။၅။ KBZ ဘဏ်သည် Smart Deal နှင့်ဆက်နွယ်သည့် အခများ၊ အတိုးများ၊ ထုတ်လုပ်မှုစရိတ်များ သို့မဟုတ် အခြားသောကုန်ကျစရိတ်များ အား ကောက်ခံပိုင်ခွင့်ရှိပြီး ထိုသို့သော အဖိုးအခ၊ အခကြေးငွေ၊ အတိုး သို့မဟုတ် ကောက်ခံမှုများအားသက်ဆိုင်ရာဥပဒေအရ လည်းကောင်း စည်းကမ်းသတ်မှတ်ချက်များ၊ ကတ်ဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအရ ပြောင်းလဲ ပိုင်ခွင့်ရှိသည်။

## ၄။၂။ Smart Deal လျှောက်လွှာအတွက် ကတ်ကိုင်ဆောင်သူအားစစ်ဆေးအတည်ပြုခြင်း

၄။၂။၁။ KBZ ဘဏ် Call Center မှတစ်ဆင့် Installment Payment Plan ကိုလျှောက်ထားသည်နှင့် KBZ ဘဏ်အနေနှင့်၎င်း၏စံနှုန်းသတ်မှတ်ချက်လုပ်ငန်းစဉ်များ နှင့် ဥပဒေကြောင်းအရလိုအပ်ချက်များနှင့် အညီ ကတ်ကိုင်ဆောင်သူမည်သူမည်ဝါဖြစ်သည်ဆိုခြင်းအား စစ်ဆေးအတည်ပြုမည်ဖြစ်ကြောင်း ကတ်ကိုင်ဆောင်သူက ဝန်ခံ အသိအမှတ်ပြုပြီးသဘောတူသည်။

၄။၂။၂။ Smart Deal applicationအား ဆောင်ရွက်ပေးခြင်း မပြုမီတွင် မူလကတ်ကိုင်ဆောင်သူမှာ မည်သူမည်ဝါဖြစ်ကြောင်းအတည်ပြုရန်အတွက် KBZ ဘဏ်၏ ကိုယ်စားလှယ်များ သို့မဟုတ် သတ်မှတ်ထားသည့် အခြားသောဝန်ထမ်းများမှတစ်ဆင့် လိုအပ်သည့်အချက်အလက်များကို တောင်းခံခြင်း နှင့် စစ်ဆေးခြင်းများ ပြုလုပ်နိုင်စေရန် KBZ ဘဏ်အား ကတ်ကိုင်ဆောင်သူက အခွင့်အာဏာအပ်နှင်းပေးထားသည်။ ထိုသို့သော စစ်ဆေးအတည်ပြုမှုအားပြုလုပ်ရာတွင် ကိုယ်ရေးအချက်အလက်များ၊ ကတ်ဆိုင်ရာအချက်အလက်များ၊ မကြာသေးမီက ပြုလုပ်ခဲ့သောငွေကြေးလွှဲပြောင်းမှုများ နှင့်လုံခြုံမှုဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် KBZ ဘဏ်ကလိုအပ်သည်ဟုယူဆသော အခြားသော သတင်းအချက်အလက်များသာ ဖြစ်သည်ဟု ကန့်သတ်ထားခြင်းမဟုတ်သော်လည်း ယင်းတို့အပါအဝင်တို့ပါဝင်သည်။

၄။၂။၃။ ကတ်ကိုင်ဆောင်သူကအောက်ပါအတိုင်းသဘောတူသည် -

၄။၂။၃။၁။ မည်သူမည်ဝါဖြစ်ကြောင်းစစ်ဆေးမှုအောင်မြင်စွာပြီးဆုံးခြင်းမရှိပါက Smart Deal application အား စစ်ဆေးဆောင်ရွက်ခြင်း သို့မဟုတ် အတည်ပြုပေးခြင်းလုပ်မည်မဟုတ်ကြောင်း။

၄။၂။၃။၂။ Call Center သည် ကတ်ကိုင်ဆောင်သူ၏PIN နံပါတ်၊ password သို့မဟုတ် အခြားသော အရေးကြီးသည့် လုံခြုံမှုဆိုင်ရာသတင်းအချက်အလက်များအား တောင်းခံမည်မဟုတ်ကြောင်း

၄။၂။၃။၃။ ပြည့်စုံမှုမရှိသည့်၊ တိကျမှုမရှိသည့် သို့မဟုတ် ကိုက်ညီမှုမရှိသည့် အချက်များကြောင့် Smart Deal application အားငြင်းပယ်ခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်နိုင်ကြောင်း

၄။၂။၄။ စစ်ဆေးအတည်ပြုမှုလုပ်ငန်းများပြီးမြောက်စေရန် KBZဘဏ်က ကျိုးကြောင်းဆီလျော်စွာ တောင်းခံသည့် နောက်ထပ်အချက်အလက်များအားပေးရန် ကတ်ကိုင်ဆောင်သူ ကသဘောတူပြီး Smart Deal application အားအတည်ပြုခြင်း၊ငြင်းပယ်ခြင်း သို့မဟုတ် ရပ်စဲခြင်းများဆောင်ရွက်ရန် KBZ ဘဏ်သည် ပေးထားသည့် အချက်အလက်များအပေါ်တွင် အတည်ပြုသွားမည်ဖြစ်ကြောင်း ကတ်ကိုင်ဆောင်သူက ဝန်ခံအတည်ပြုသည်။

## ၄။၃။ သတ်မှတ်ချက်နှင့်ကိုက်ညီမှု

၄။၃။၁။ Installment Payment Plan (“Smart Deal”) ကို KBZ ဘဏ်၏ မူလကတ်ကိုင်ဆောင်သူနှင့် ဆင့်ပွားကတ်ကိုင်ဆောင်သူက ရရှိနိုင်မည် ဖြစ်ပါသည်။

၄။၃။၂။ သံသယကင်းရှင်းစေရန်အလို့ငှာ မူလကတ်ကိုင်ဆောင်သူနှင့် ဆင့်ပွားကတ် ကိုင်ဆောင်သူတို့သည် ကတ်နှင့်သက်ဆိုင်သည့် Smart Deal အတွက် လျှောက်ထားမှု၊ တောင်းခံမှု၊ ညွှန်ကြားချက်ပေးမှုများအား လုပ်ဆောင်ခြင်းဖြစ်သည်ဟူသည့်အချက်ပေါ်တွင် KBZ ဘဏ်ကယုံကြည်စွာ မှတ်ယူဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၄။၃။၃။ Smart Dealသို့ ပြောင်းလဲမှုအောင်မြင်စေရန်အတွက် ဝယ်ယူမှု တစ်ခုသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည် -

၄။၃။၃။၁။ ဝယ်ယူမှုပမာဏသည် နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည့် အနည်းဆုံးသတ်မှတ်ပမာဏထက် မနည်းစေရပါ။ ယင်းပမာဏတွင် မည်သည့်ဝန်ဆောင်ခ၊ အခွန် သို့မဟုတ် အခြားဆက်စပ်ကုန်ကျစရိတ်များမှ မပါဝင်ပါ။

၄။၃။၃။၂။ ဝယ်ယူမှုသည် ပြည်တွင်းနှင့်ပြည်ပတွင် ခိုင်မာသည့် ဝယ်ယူမှု ဖြစ်ရမည်ဖြစ်ပြီး KBZ ဘဏ်က ၎င်းတစ်ဦးတည်း၏ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ထားသည့် သတ်မှတ်ချက်နှင့်ကိုက်ညီသော ငွေကြေးလွှဲပြောင်းမှုဖြစ်ရမည်။

၄။၃။၃။၃။ ဝယ်ယူမှုအား ကတ်အတွင်းသို့စာရင်းသွင်းခြင်းမပြုမီ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ငွေကြေးလွှဲပြောင်းမှုအရ Smart Deal လျှောက်လွှာတင်ရမည် ဖြစ်သည်။

၄။၃။၄။ Smart Deal အတွက် မည်သည့် ဝယ်ယူမှုသည် သတ်မှတ်ချက်နှင့်ကိုက်ညီသည်ဆိုခြင်း နှင့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုအား မွမ်းမံခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ရပ်သိမ်းခြင်း ကို KBZ ဘဏ်သည် ကြိုတင်အသိပေးအကြောင်းကြားမှုမလုပ်ဘဲ ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ Smart Deal လျှောက်ထားမှုအား အတည်ပြုခြင်းသည် KBZဘဏ်၏ ဘဏ်တွင်းသုံးသပ်ချက်နှင့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်ချက်အရ ဖြစ်ရပါမည်။

**၄။၄။ ရွေးချယ်နိုင်သည့်သက်တမ်း**

ကတ်ကိုင်ဆောင်သူသည် အချိန်ကာလအားဖြင့် (၃) လ၊ (၆) လ၊ (၉) လ သို့မဟုတ် (၁၂) လ သို့မဟုတ် KBZ ဘဏ်က အခါအားလျော်စွာ ကမ်းလှမ်းမည့် အခြားသောသက်တမ်းများကို Smart Deal သက်တမ်းအတွက်ရွေးချယ်နိုင်သည်။ ရွေးချယ်နိုင်သည့် သက်တမ်းအားရရှိနိုင်မှု သည် ဝယ်ယူမှုပုံစံ၊ ကုန်သည် သို့မဟုတ် အရောင်းမြှင့်တင်ရေး အစီအစဉ်များပေါ်တွင်မူတည်ပြီး ကွဲပြားသွားနိုင်ပါသည်။ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဝယ်ယူမှု၏ အရင်းအနှီးပမာဏအပေါ်တွင် အတိုးတွက်ယူမည်ဖြစ်ပြီး၊ အရစ်ကျစနစ်သို့ပြောင်းလဲသည့်နေ့ သို့မဟုတ် KBZ ဘဏ်က ဆုံးဖြတ်သည့်အတိုင်း နှုတ်ယူသွားမည်ဖြစ်ပါသည်။

**၄။၅။ အတိုးနှုန်းနှင့်အခများ**

Smart Deal လျှောက်ထားမှုတစ်ခုချင်းစီအတွက် မှတ်ပုံတင်ကြေး သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခ ကောက်ခံနိုင်ပါသည်။ သတ်မှတ်ကာလတစ်ခုချင်းစီအတွက် ကျသင့်မည့် လစဉ်အတိုးနှုန်းမှာ **၁%** ဖြစ်ပြီး အရစ်ကျစနစ်သို့ ပြောင်းလဲသည့်နေ့တွင် နုတ်ယူသွားမည်ဖြစ်ပါသည်။ ထို့ပြင် ဝန်ဆောင်မှုစတင်စဉ်နှင့် ဝန်ဆောင်မှုရပ်စဲစဉ်တို့တွင်လည်း လုပ်ငန်းဆောင်ရွက်ခများ ကျသင့်နိုင်ပြီး အဆိုပါအခကြေးငွေများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။ ကတ်ပိုင်ရှင်သည် Smart Deal အရ ပေးသွင်းရမည့် အနည်းဆုံးပေးချေရမည့်ပမာဏ (Minimum payment) ကို ပေးသွင်းရန် ပျက်ကွက်ပါက KBZ ဘဏ်၏ ကတ်စည်းကမ်းသတ်မှတ်ချက်များ နှင့်အညီ နောက်ကျကြေးနှင့် အတိုးနှုန်းများကို ကောက်ခံသွားမည်ဖြစ်ပါသည်။KBZဘဏ်သည် ၎င်း၏တစ်ဦးတည်း အကြွင်းမဲ့ဆုံးဖြတ်ချက်ဖြင့် Installment Payment Plan နှင့်သက်ဆိုင်သည့် အတိုးနှုန်း၊ အဖိုးအခ၊ အခကြေးငွေ၊ ကောက်ခံမှု၊ သို့မဟုတ် ဈေးနှုန်း မှန်သမျှ အား ကြိုတင်အသိပေးအကြာင်းကြား၍ဖြစ် စေ၊ အသိပေးအကြောင်းကြားခြင်းမပြုဘဲနေ၍ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ ပြောင်းလဲခွင့်၊ ပြဋ္ဌာန်းခွင့် သို့မဟုတ် ရုပ်သိမ်းခွင့်ရှိသည်။ ထိုသို့သော ပြင်ဆင်မှုများသည် KBZ ဘဏ်ကသတ်မှတ်သည့်

နေ့တွင်စတင်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး KBZ ဘဏ်က သီးသန့်သတ်မှတ်ထားခြင်းမရှိလျှင် လက်ရှိနှင့် နောင်တွင်ပြုလုပ်မည့် Installment Payment Plans များနှင့် အကျုံးဝင်သက်ဆိုင်မှုရှိမည်။

**၄။၆။ ချေးငွေကန့်သတ်ချက် အသုံးပြုခြင်း**

သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ငွေကြေးလွှဲပြောင်းမှုအား အရစ်ကျပေးချေမှုစနစ် (Installment Payment Plan) သို့ ပြောင်းလဲလိုက်သည်နှင့် တစ်ပြိုင်နက်၊ ဝယ်ယူခဲ့သော ကုန်ကျစရိတ်စုစုပေါင်းကို ဝယ်ယူသူ၏ ကတ်အသုံးပြုခွင့် ကန့်သတ်ချက် (Credit Limit) ထဲမှ ခေတ္တပိတ်ဆို့ထားမည် ဖြစ်သည်။ ထိုသို့ ပိတ်ဆို့ထားသော ပမာဏကို သဘောတူညီထားသည့် ပြန်လည်ပေးချေမှု အစီအစဉ်အတိုင်း အရစ်ကျငွေပေးချေမှု တစ်ကြိမ်စီ ပြုလုပ်ပြီးတိုင်း အချိုးကျ ပြန်လည်ဖွင့်ပေးသွားမည်ဖြစ်ပါသည်။ ထိန်းချုပ်ထားသည့်ပမာဏသည် Smart Deal အားအပြည့်အဝပေးချေပြီးသည် အထိကြွေးကျန်၏ တစ်စိတ်တစ်ဒေသအနေနှင့် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ဤသဘောတူညီချက်နှင့် စံပြုသတ်မှတ်ထားသော စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များအရ ပေးချေရန်နောက်ကျခြင်း၊ ပျက်ကွက်မှုဖြစ်ခြင်း သို့မဟုတ် စောစီးစွာရပ်စဲခြင်းကြောင့် နောက်ထပ်အတိုးများ၊ အခများ၊ ကောက်ခံမှုများ ကိုဖြစ်စေနိုင်ပါသည်။

**၄။၇။ ရှင်းတမ်း**

ကတ်ရှင်းတမ်းသည် အရစ်ကျပမာဏ၊ အရင်းအနှီး၊ အတိုး၊ အဖိုးအခ၊ အခကြေးငွေ၊ ကောက်ခံမှု၊ ကြွေးကျန်နှင့်ပေးချေရန်ရက်စွဲရောက် သည့်နေ့တို့အပါအဝင် Installment Payment Plan နှင့်ဆက်နွယ်သည့် အချက်အလက်အားလုံးအတွက် အဓိကနှင့် ခိုင်လုံသောဆက်သွယ်မှုဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ရှင်းတမ်းအားကြည့်ရှုရန်တာဝန်ရှိပြီး ပေးချေရမည့်ပမာဏ အားလုံးကို သတ်မှတ်ထားသည့်ပေးချေရမည့်ရက် သို့မဟုတ် ထိုရက်မတိုင်မီတွင်ပေးချေရမည်ဖြစ်သည်။ ရှင်းတမ်း တွင်ဖော်ပြထားမှုများနှင့်ပတ်သက်၍ အမှားအယွင်း များ၊ ကွာဟမှုများ သို့မဟုတ် ကိုက်ညီမှုမရှိခြင်းများ များအား ကတ်ကိုင်ဆောင်သူသည် KBZ ဘဏ်သို့ ချက်ခြင်းအသိပေးအကြောင်းကြားရမည်။

**၄။၈။ အရစ်ကျငွေတောင်းခံခြင်း**

Smart Deal အရ အချိန်ပြည့်ရက်စွဲရောက်နေပြီဖြစ်သည့်လစဉ်ပမာဏအား ကတ်ကိုင်ဆောင်သူ၏ credit ကတ်ရှင်းတမ်း တွင်ထင်ဟပ်ဖော်ပြထားမည်ဖြစ်သည်။ Smart Deal တစ်ခုချင်းစီအတွက် လစဉ်ပေးဆပ်ရမည့် အရင်းနှင့်အတိုးသည် အချိန်ပြည့်ရက်စွဲရောက်ပြီဖြစ်သည့် အနည်းဆုံးပမာဏ (MAD) နှင့် ချိန်ပြည့်ရက်စွဲရောက်ပြီဖြစ်သည့် ပမာဏပြည့် (TAD) တွင်ပါဝင်မည်။ ကတ်ကိုင်ဆောင်သူသည် ရှင်းတမ်းတွင် ဖော်ပြထားသော ပေးချေရမည့်ရက်စွဲရောက်သည့်နေ့တွင် ပေးချေရမည့် ပမာဏအားလုံးကိုပေးချေရမည်။ Smart Deal အတွက်အရစ်ကျပေးချေရမည့်အသေးစိတ်အချက်အလက်များအား

ရှင်းတမ်းတွင်သီးခြားဖော်ပြထားမည်ဖြစ်သော်လည်း ထိုသို့ဖော်ပြထားခြင်းသည် သီးခြား သို့မဟုတ် ပေးချေမှုရမည့် ထပ်တိုးကတိကဝတ်များမဟုတ်ပါ။

**၄။၉။ ပေးချေရန်တာဝန်ဝတ္တရားများ**

Smart Deal အစီအစဉ်အရ အရစ်ကျပေးချေမှုတစ်ခုချင်းစီကို ခရက်ဒစ်ကတ် ငွေစာရင်းရှင်းတမ်းတွင် ဖော်ပြထားသော ပေးချေရန်ရက်စွဲရောက် သည့်နေ့တွင် သော်လည်းကောင်း၊ ထိုရက်မတိုင်မီ သော်လည်းကောင်း ပေးချေရမည်။ Smart Deal အတွက် ပြန်လည်ပေးချေမှုအားလုံးနှင့် ကတ်နှင့်ပတ်သက်၍ ပေးချေရန်ရှိသော အခြားကုန်ကျစရိတ်အားလုံးကို သက်ဆိုင်ရာ ကတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ကတ်နှင့်ချိတ်ဆက်ထားသော ငွေစာရင်း မှတစ်ဆင့်သာ ပေးချေရမည်။ ကတ်အသုံးပြုသူသည် Smart Deal နှင့် ကတ်အတွက် ပေးချေရန်ရှိသော ပမာဏအားလုံးကို ဘဏ်မှ နုတ်ယူနိုင်စေရန် သက်ဆိုင်ရာ ပေးချေရန်ရက်စွဲရောက် သည့်နေ့တွင် (သို့မဟုတ်) ထိုရက်မတိုင်မီတွင် ချိတ်ဆက်ထားသော ဘဏ်စာရင်း၌ လုံလောက်သော ငွေပမာဏ ရှိနေစေရန် လုပ်ဆောင်ရမည်။ ကတ်အသုံးပြုသူသည် သက်ဆိုင်ရာ ကတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ချိတ်ဆက်ထားသော ဘဏ်စာရင်းမှ ၎င်းငွေပမာဏများကို နုတ်ယူရန် ဘဏ်အား ဤစာချုပ်ဖြင့် ခွင့်ပြုချက်ပေးအပ်သည်။ သတ်မှတ်ရက်တွင် ငွေပေးချေရန် ပျက်ကွက်ပါက သက်ဆိုင်ရာ ကတ်စည်းမျဉ်းစည်းကမ်းချက်များအတိုင်း နောက်ကျကြေး၊ အတိုး သို့မဟုတ် အခြားသော ဝန်ဆောင်ခများ ပေးဆောင်ရမည်ဖြစ်သည်။ ကတ်အသုံးပြုသူသည် အရစ်ကျပေးချေမှုအစီအစဉ်ကို သတ်မှတ်ရက်မတိုင်မီ ကြိုတင်ပေးချေခြင်း ၊ တစ်စိတ်တစ်ပိုင်း ကြိုတင်ပေးချေခြင်း သို့မဟုတ် အပြီးအပိုင် ကြိုတင်အခြေချပေးချေခြင်း တို့ကို ခွင့်မပြုကြောင်း သိရှိသဘောတူညီသည်။ KBZ ဘဏ်သည် မိမိ၏ တစ်ဦးတည်းသော ဆုံးဖြတ်ချက်ဖြင့် စာဖြင့်ရေးသား၍ အကြောင်းကြားခြင်းမရှိပါက အရင်း၊ အတိုးနှင့် အခြားဝန်ဆောင်ခများအပါအဝင် အရစ်ကျပေးချေရမည့် ပမာဏအားလုံးကို သဘောတူညီထားသော သက်တမ်းနှင့် ပေးသွင်းမှုဇယားအတိုင်းသာ တိကျစွာ ပေးချေသွားရမည်ဖြစ်သည်။

**၄။၁၀။ အမြန်ဆုံးပြန်လည်ပေးသွင်းရန်တောင်းဆိုပိုင်ခွင့်**

ဤသဘောတူညီချက်၌ ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များရှိနေလင့်ကစား၊ KBZ ဘဏ်သည် ၎င်းတစ်ဦးတည်း၏ဆုံးဖြတ်ချက်ဖြင့် Smart Deal အတွက် ကတ်ကိုင်ဆောင်သူ တင်ရှိ နေသည့်ကြွေးမြီလက်ကျန် အားလုံးသို့မဟုတ် မည်သည့်ကြွေးမြီကိုမဆို ချက်ခြင်းပြန်လည်ပေးဆပ်ရန်အတွက် မည်သည့်အချိန်တွင်မဆို တောင်းခံပိုင်ခွင့်ရှိသည်။

**၄။၁၁။ ကတ်ပိတ်သိမ်းခြင်း နှင့် ဖျက်သိမ်းခြင်း**

မည်သည့်အကြောင်းကြောင့်မဆို ကတ်ကိုင်ဆောင်သူကဖြစ်စေ၊ KBZ ဘဏ်ကဖြစ်စေ ကတ်အားပိတ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ သက်တမ်းမတိုးခြင်း၊ ရပ်စဲခြင်း သည် ကတ်ကိုင်ဆောင်သူ၏ Installment Payment Plan အရရှိနေသော

ကတ်ကဝတ်များအပေါ် အကျိုးသက်ရောက်မှုဖြစ်စေခြင်း သို့မဟုတ် ကတ်ကိုင်ဆောင်သူအား သက်သာခွင့်ပေးခြင်းမဖြစ်စေရ။ အရစ်ကျပေးချေရမည့်ငွေလက်ကျန်၊ အတိုး၊ အဖိုး အခ နှင့်ကောက်ခံမှုအားလုံးအပါအဝင် ကြွေးမြီလက်ကျန်အားလုံးကို ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များအရ ပေးချေရမည်ဖြစ်ပြီး ပေးချေရမည့်ကိစ္စအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကတ်အားမပိတ်သိမ်းမီတွင် ကြွေးမြီလက်ကျန်အားလုံးအား အပြည့်အဝပေးချေရမည်ဖြစ်သည်။ ကတ်ကိုဖြစ်စေ၊ ပေးချေရန်အတွက် သတ်မှတ်ပေးထားသော ငွေစာရင်းကိုဖြစ်စေ ပိတ်သိမ်းလိုက်သည်၊ ဆိုင်းငံ့လိုက်သည် သို့မဟုတ် ယင်းငွေစာရင်းများ အသက်ဝင်မှုမရှိတော့ခြင်းများဖြစ်သည်ဆိုပါက ကတ်ကိုင်ဆောင်သူသည် အခြားသော နည်းလမ်း သို့မဟုတ် KBZ ဘဏ်က သတ်မှတ်ပေးမည့်နည်းလမ်း များဖြင့် ကြွေးမြီလက်ကျန်အား ချက်ခြင်းဖြေရှင်းပေးရပါမည်။ ဆိုင်းငံ့ထားသည့် ကာလအတွင်း ပေးချေရမည့်ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိ ပါက သက်ဆိုင်ရာနောက်ကျကြေး၊ အတိုးတက်လာမှု နှင့် ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအရ KBZ ဘဏ်၏ အခွင့်အရေးများအား အသက်ဝင်အောင်ဆောင်ရွက်မှု တို့ကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

## ၅။ ကတ်ကိုင်ဆောင်သူ၏တာဝန်ဝတ္တရားများ

ကတ်ကိုင်ဆောင်သူသည် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

၅။၁။ ဤသဘောတူညီချက်နှင့် သက်ဆိုင်ရာကတ်စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအရ သာလျှင် Installment Payment Plan အားလျှောက်ထား၊ အသုံးပြုရမည်။

၅။၂။ Smart Deal သို့ပြောင်းလဲရန်အတွက်တင်ပြသည့် ဝယ်ယူမှုအားလုံးသည် KBZ ဘဏ်၏စည်းမျဉ်းများနှင့် ကိုက်ညီစေရန်၊ သက်ဆိုင်ရာကန့်သတ်ချက်၊ အဆင့်အတန်းသတ်မှတ်ချက်၊ အရောင်းမြှင့်တင်ရေးလိုအပ်ချက်များ နှင့်အညီဖြစ်စေရန် ဆောင်ရွက်ထားရမည်။

၅။၃။ တရားမဝင်ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအားဝယ်ယူခြင်း သာဖြစ်သည်ဟုကန့်သတ်ထားခြင်းမဟုတ် သော်လည်း ယင်းတို့အပါအဝင် Smart Deal အား ဥပဒေနှင့်ကိုက်ညီခြင်းမရှိသော သို့မဟုတ် ကန့်သတ်တားမြစ်ထားသော ရည်ရွယ်ချက်များ အတွက် အသုံးမပြုရ။

၅။၄။ တိကျ၊ ပြည့်စုံပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသောကိုယ်ရေးအချက်အလက်များ နှင့် အထောက်အကူပြု စာရွက်စာတမ်းအထောက်အထားများအား KBZ ဘဏ်သို့ ပေး အမြဲမပြတ်ပေးရမည်ဖြစ်ပြီး ထိုကိစ္စရပ်များတွင် အပြောင်း အလဲဖြစ်သည်ဆိုပါက KBZ ဘဏ်သို့ ချက်ခြင်းအကြောင်းကြားရမည်။ တိကျပြည့်စုံမှုမရှိသော သို့မဟုတ် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီခြင်းမရှိသည့် အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများအား

ပေးအပ်ခြင်းကြောင့်ပေါ်ပေါက်လာရသော ဆုံးရှုံးမှု၊ နှောင့်နှေးမှု၊ အမှားအယွင်းဖြစ်မှုအတွက် ကတ်ကိုင်ဆောင်သူတွင်သာ တာဝန်ရှိသည်။

၅။၅။ Smart Deal နှင့်သက်ဆိုင်သည့် အချက်အလက်များ၊ ရှင်းတမ်းများ သို့မဟုတ် ဆက်သွယ်ဆောင်ရွက်မှု များတွင်ဖြစ်သည့် အမှားအယွင်းများ၊ ကွာဟမှုများ၊ ကိုက်ညီမှုမရှိခြင်းများ ကို KBZ ဘဏ်သို့ချက်ခြင်း အကြောင်းကြားရမည်။

၅။၆။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ၊ ကတ်စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ၊ ကတ်၊ Smart Deal နှင့် ဝန်ဆောင်မှုများနှင့်ဆက်နွယ်၍ KBZ ဘဏ်ကအခါအားလျော်စွာထုတ်ပြန်မည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်လိုအပ်ချက်များကို လိုက်နာရမည်။

၅။၇။ Smart Deal နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးအတည်ပြုခြင်း သို့မဟုတ် အသက်ဝင်အောင်ဆောင်ရွက်ခြင်း လုပ်ငန်းများတွင် KBZ ဘဏ်နှင့်အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။

၅။၈။ ကတ်အားအသုံးပြုရန်အခွင့်အာဏာပေးအပ်ခြင်းခံထားရသူ သို့မဟုတ် နောက်ဆက်တွဲကတ် ကိုင်ဆောင်သူများသည် စံပြုသတ်မှတ်ထားသည့် စည်းမျဉ်းများကိုလိုက်နာကြစေရန်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။

၅။၉။ ကတ်(သို့) Smart Deal အား အသုံးပြု၍ ဝယ်ယူသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ဆက်စပ်သည့် အရည်အသွေး၊ အခြေအနေ၊ လုပ်ဆောင်နိုင်စွမ်း၊ ပို့ဆောင်မှုနှင့် သင့်လျော်မှုတို့ အပါအဝင် အခြားသော အချက်အလက်များအားလုံးအတွက် အားလုံးအတွက်တာဝန်ယူရမည်ဖြစ်သည်။ ထိုသို့သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ဆက်နွယ်ပြီး အငြင်းပွား မှု၊ စောဒကတက်မှု သို့မဟုတ် မကျေနပ်ချက်မှန်သမျှနှင့် ပတ်သက်၍ KBZ ဘဏ်တွင်တာဝန်မရှိစေရဘဲ ကတ်ကိုင်ဆောင်သူ၊ သက်ဆိုင်ရာ merchantသို့မဟုတ်ငွေလက်ခံမည့်လုပ်ငန်းအဖွဲ့အစည်း တို့အကြားတိုက်ရိုက်ဖြေရှင်းဆောင်ရွက်ရမည်။

၅။၁၀။ personal identification numbers (PINs) နံပါတ်၊ passwords နှင့်အခြားသောလုံခြုံရေးဆိုင်ရာအထောက်အထားများအား အကာအကွယ်ပေးထားရမည်ဖြစ်ပြီး KBZ ဘဏ်ကစစ်ဆေးအတည်ပြုပြီးမှ ခွင့်ပေးရန်အတွက် လိုအပ်မှုမှတစ်ပါး အခြားသောမည်သူ့ထံသို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၅။၁၁။ ကတ် သို့မဟုတ် Smart Deal ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်း သို့မဟုတ် ၎င်းတို့အားခွင့်ပြုချက်မရဘဲ သုံးစွဲနေခြင်း များ ဖြစ်သည်ဆိုလျှင် KBZ ဘဏ်သို့ ချက်ခြင်းအကြောင်းကြားရမည်။

၅။၁၂။ မူလကတ်ကိုင်ဆောင်သူ၊ နောက်ဆက်တွဲကတ်ကိုင်ဆောင်သူ သို့မဟုတ် အခွင့်အာဏာရပုဂ္ဂိုလ်၏ ဆောင်ရွက်ချက် သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်မှု မှန်သမျှ အပါအဝင် ငွေကြေးလွှဲပြောင်းမှုအားလုံး နှင့် Smart Deal အရရှိနေသည့် ကတိကဝတ်များအားလုံးအတွက် အပြည့်အဝ တာဝန်ယူရမည်။

## ၆။ ဆိုင်းငံ့ခြင်းနှင့်ရပ်စဲခြင်း

၆။၁။ KBZ ဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် Installment Payment Plan သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုမှန်သမျှအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်မဆို အသိပေးအကြောင်းကြားမှုမလုပ်ဘဲ မည်သည့်အချိန်၌မဆို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုလုပ်နိုင်သည်။ Smart Deal အားရပ်စဲလိုက်ခြင်းကြောင့် ရပ်စဲလိုက်သည့်နေ့အထိရှိနေမည့် အရင်း၊ အတိုး၊ အခ နှင့်ကောက်ခံမှုများအပါအဝင် ကြွေးမြီလက်ကျန်အားလုံးမှ ကတ်ကိုင်ဆောင်သူအား သက်သာခွင့်မဖြစ်စေရ။

၆။၂။ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများ ကြောင့် ထိုသို့ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများ မတိုင်မီတွင် ရှိနေသည့် ကတိကဝတ်မှန်သမျှ များမှ ကတ်ကိုင်ဆောင်သူအားသက်သာခွင့်မရှိစေရ။ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများပြုလုပ်သည့်အချိန်တွင် Smart Deal သို့မဟုတ် ဝန်ဆောင်မှုများ အရ ရှိနေသည့် ပေးချေရမည့်ပမာဏအားလုံးအား အလျင်အမြန် သို့မဟုတ် KBZ ဘဏ်ကညွှန်ကြားသည့်အတိုင်းပေးချေ ရမည်။

## ၇။ ပေးရန်တာဝန်မှကင်းလွတ်ခြင်းနှင့်ကန့်သတ်ချက်

ကတ် သို့မဟုတ် Smart Deal ဝန်ဆောင်မှု အားဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ နှောင့်နှေးခြင်း၊ စွက်ဖက်ဆောင်ရွက်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း၊ ရပ်စဲခြင်းတို့အပါအဝင် ကတ်အသုံးပြုခြင်း နှင့် Installment Payment Plan သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုများ ကြောင့် ကတ်ကိုင်ဆောင်သူ ခံစားရမည့် သို့မဟုတ် ကျခံရမည့် ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ကုန်ကျစရိတ်၊ အသုံးစရိတ် သို့မဟုတ် မည်သည့် အကြောင်းကြောင့်မဆိုဖြစ်ပေါ်လာသည့်ပေးရန်တာဝန် (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ခန့်မှန်းနိုင်သည်ဖြစ်စေ၊ ခန့်မှန်းခြင်းမပြုနိုင်သည်ဖြစ်စေ) မှန်သမျှအတွက် သက်ဆိုင်ရာ ဥပဒေကခွင့်ပြုပေးထားသည့်အမြင့်ဆုံးအတိုင်းအတာအထိ KBZ ဘဏ်တွင်တာဝန်မရှိစေရ။ မည်သည့် merchant သို့မဟုတ် တတိယအုပ်စုဝင်မဆိုက ပေးအပ်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု နှင့် KBZ ဘဏ်ကတိုက်ရိုက်ပြုလုပ်ခြင်းမဟုတ်သည့် ကတ် သို့မဟုတ် PIN နံပါတ်အားခွင့်ပြုချက်မရဘဲအသုံးပြုမှု၊ စနစ်နှင့်လုပ်ငန်းချွတ်ယွင်းမှု၊ KBZ ဘဏ်၏ သင့်တင့်လျောက် ပတ်သည့်ထိန်းချုပ်မှုထက်ကျော်လွန်နေသည့်ဖြစ်ရပ်မှန်သမျှ၊ ကတ်ကိုင်ဆောင်သူ သို့မဟုတ် တတိယအုပ်စုဝင် ကပေးသည့် အချက်အလက်များ တိကျပြည့်စုံမှုမရှိခြင်း သို့မဟုတ် ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အသက်ဝင်အောင်ဆောင်ရွက်ရမှုမှ ဖြစ်ပေါ်လာရသော ကတ်ကိုင်ဆောင်သူ၏ ကြွေးမြီလက်ကျန် သို့မဟုတ် ဂုဏ်သိက္ခာအပေါ် ထိခိုက်မှုဖြစ်စေခြင်း များအတွက် အထက်ဖော်ပြပါအချက်များ အပေါ်ယေဘူယျအားဖြင့် ထိခိုက်မှုမဖြစ်စေဘဲ KBZ ဘဏ်တွင်

တာဝန်မရှိစေရ။ အထက်ဖော်ပြပါ အချက်များရှိသော်လည်း၊ KBZ ဘဏ်၏ လိမ်လည်မှု (သို့မဟုတ်) တမင်တကာ မှားယွင်းစွာ လုပ်ဆောင်မှုတို့ကြောင့် ကတ်ကိုင်ဆောင်သူတွင် တိုက်ရိုက်ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအတွက်သာ KBZ ဘဏ်က တာဝန်ယူရမည် ဖြစ်သည်။

## ၈။ ပြန်အမ်းခြင်း၊ ပြန်လည်ပေးအပ်ခြင်းနှင့်အငြင်းပွားမှု

ကတ် သို့မဟုတ် Installment Payment Plan အားအသုံးပြုပြီးဝယ်ယူသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ဆက်နွယ်သည့် ပြန်လည်ပေးအပ်ခြင်း၊ ပြန်အမ်းခြင်း သို့မဟုတ် အငြင်းပွားမှု အားလုံးသည် သက်ဆိုင်ရာ merchant ၏မူဝါဒနှင့်သာလျှင် သက်ဆိုင်ကြောင်း ကတ်ကိုင်ဆောင်သူသည် ဝန်ခံအသိအမှတ်ပြုပြီး သဘောတူသည်။ ဝယ်ယူလိုက်သည့်ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ၏ အရည်အသွေး၊ ပေးပို့မှု၊ သို့မဟုတ် စွမ်းဆောင်မှု များအတွက် KBZ ဘဏ်တွင် တာဝန်မရှိစေရဘဲ၊ ကုန်သည် သို့မဟုတ် ဝန်ဆောင်မှုပေးသူကြောင့်ဖြစ်ပေါ်လာရသော နှောင့်နှေးမှု၊ ငြင်းပယ်မှု သို့မဟုတ် အငြင်းပွားမှုများအတွက် KBZ ဘဏ်တွင်တာဝန်မရှိစေရ။ KBZ ဘဏ်၏မူဝါဒများနှင့်အညီ သက်ဆိုင်ရာ ငွေကြေးလွှဲပြောင်းမှုအား သင့်တင့်လျောက်ပတ်စွာ ချိန်ညှိခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းမှုမရှိမချင်း သို့မဟုတ် လုပ်ပြီးသည့်အချိန်အထိ Smart Deal အရရှိနေသော ပေးချေရမည့်ကိစ္စရပ်အားလုံးအတွက် ကတ်ကိုင်ဆောင်သူတွင်တာဝန်ရှိသည်။

## ၉။ ထုတ်ဖော်ပြောဆိုခြင်း

၉။၁။ ကတ်ကိုင်ဆောင်သူ၏ချေးငွေသမိုင်းကြောင်း၊ ငွေကြေးလွှဲပြောင်းမှု၊ ကြွေးမြီလက်ကျန်၊ လိုအပ်မည့်အခြားသောအချက်များ အပါအဝင် ကတ်ကိုင်ဆောင်သူ၊ ကတ် သို့မဟုတ် Installment Payment Plan နှင့်သက်ဆိုင်သည့်သတင်းအချက်အလက်မှန်သမျှ နှင့်ပတ်သက်၍ အောက်ပါတို့ထံသို့ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို ကတ်ကိုင်ဆောင်သူက KBZ ဘဏ်ထံသို့ ယတိပြတ်အပ်နှင်းထားသည် -

၉။၁။၁။ KBZ ရုံးချုပ်၊ တွဲဖက်လုပ်ငန်း၊ ဘဏ်ခွဲများ၊ လက်အောက်ခံလုပ်ငန်းများ

၉။၁။၂။ စာရင်းစစ်များ၊ ကျွမ်းကျင်အကြံပေးများ သို့မဟုတ် လျှို့ဝှက်ထားရှိရန် KBZ ဘဏ်နှင့်ကတိကဝတ် ရှိသည့် အခြားသောမည်သည့်ပုဂ္ဂိုလ်မဆို

၉။၁။၃။ KBZ ဘဏ်၏စနစ်၊ အခြေခံအဆောက်အဦ၊ သို့မဟုတ် ဝန်ဆောင်မှု နှင့်ဆက်နွယ်ပြီး KBZ ဘဏ်ကဆက်သွယ်ဆောင်ရွက်နေသည့် ရောင်းချသူ များ၊ ကန်ထရိုက်တာများ၊ ဝန်ဆောင်မှုပေးသူများ၊

လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ၊ အစိုးရပိုင်းဆိုင်ရာ၊ တရားရေးဆိုင်ရာအာဏာပိုင်များ၊ KBZ ဘဏ် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ ငွေကြေးလွှဲပြောင်းမှုအပေါ် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ဈေးကွက်အာဏာပိုင်များ

၉။၁။၄။ သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စာချုပ်ပါကတိကဝတ်များအရ ထိုသို့သော သတင်းအချက်အလက်များ အားတောင်းခံပိုင်ခွင့် သို့မဟုတ် ရယူပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းများ

၉။၁။၅။ ဤစည်းမျဉ်းများအရ KBZ ဘဏ်၏အခွင့်အရေးများ၊ ကတိကဝတ်များ သို့မဟုတ် ဆုံးရှုံးနိုင်ခြေများ ကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းအသုံးပြုခြင်း လုပ်ငန်းများ၌ပါဝင်သူမည်သူမဆို

၉။၁။၆။ Smart Deal သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုများအားပေးအပ်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း များအတွက် KBZ ဘဏ်ကဆက်သွယ်ဆောင်ရွက်သည့်မည်သည့်ပုဂ္ဂိုလ်မဆို

၉။၁။၇။ KBZ ဘဏ်၏အချက်အလက်များအားဖော်ထုတ်ခြင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းများ အား ထိန်းချုပ်ခြင်း၊ ငှားရမ်းအသုံးပြုခြင်း သို့မဟုတ် စီမံခန့်ခွဲမှုများအားး KBZ က ဆောင်ရွက်နိုင်ရန်

၉။၂။ သက်ဆိုင်ရာဥပဒေများ၊ ဥပဒေပိုင်းဆိုင်ရာလိုအပ်ချက်များ၊ သို့မဟုတ် ဘဏ်တွင်း ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဝါဒများအရ KBZ ဘဏ်သည် လိုအပ်ပါက Smart Deal အရရှိနေသည့် ကတ်ကိုင်ဆောင်သူ၏ တာဝန်ဝတ္တရားများအပေါ် အကျိုးသက်ရောက်မှုဖြစ်လာနိုင်သည့် ပျက်ကွက်မှု၊ အငြင်းပွားမှု သို့မဟုတ် အခြားသောဖြစ်စဉ်များနှင့်ဆက်စပ်မှုများ အပါအဝင် ထိုသို့သောထုတ်ဖော်ပြောဆိုမှုများအားပြုလုပ်နိုင်ကြောင်း ကတ်ကိုင်ဆောင်သူကဝန်ခံအသိအမှတ်ပြုပြီး သဘောတူသည်။

## ၁၀။ မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိ သော်လည်း ယင်းတို့အပါအဝင် ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှု ထက် ကျော်လွန်နေ သည့် ဖြစ်ရပ်များကြောင့် အချိန်ကာလ တစ်ရပ်အထိ ဖြစ်ပေါ် လာရသည့် မည်သည့်လုပ်ငန်း ဆောင်ရွက် ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်း ကို ကတ်ကိုင် ဆောင်သူ သည် နားလည်သဘောတူ ပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော

အခြေအနေများ ကြောင့် အဟန့်အတား ဖြစ်ခြင်း၊ အတားအဆီး ဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများ ကြုံတွေ့နေရ သည့် အတိုင်းအတာ အပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့် ဤဝန်ဆောင်မှု အား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက် ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြား မည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၁။ ခုနှိမ်ပိုင်ခွင့်နှင့်နှုတ်ယူပိုင်ခွင့်

Installment Payment Plan သို့မဟုတ် ကတ်အရ တင်ရှိနေသည့် ကြွေးကျန်များ၏ မည်သည့်အစိတ်အပိုင်းမဆို သို့မဟုတ် အားလုံးအား KBZ ဘဏ်တွင်ဖွင့်လှစ်ထားသည့် ကတ်ကိုင်ဆောင်သူ၏မည်သည့်ငွေစာရင်းမှဖြစ်သည့် မည်သည့်ငွေကြေးကိုမဆို KBZ ဘဏ်က ခုနှိမ်ပိုင်ခွင့် သို့မဟုတ် နှုတ်ယူပိုင်ခွင့် ကို ကတ်ကိုင်ဆောင်သူသည် KBZ ဘဏ်အားအခွင့်အာဏာပေးအပ်ထားပြီး ထိုသို့ဆောင်ရွက်ခြင်းကိုသဘောတူသည်။ ကတ်စာရင်းအတွင်းသို့မှားယွင်းစွာထည့်သွင်းပေးမိသည့် မည်သည့်ငွေကြေးပမာဏ ကိုမဆို KBZ ဘဏ်က ပြန်လည်ထုတ်ယူနိုင်သည်။ ထိုသို့ ခုနှိမ်ခြင်း၊ နှုတ်ယူခြင်းများပြုလုပ်ပြီးနောက် ကျန်ရှိသည့်ပမာဏ အတွက် ကတ်ကိုင်ဆောင်သူထံတွင် ဆက်လက် တာဝန်ရှိနေမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်သည့်အတွက် KBZ ဘဏ်အပေါ်တွင်ရှိနေသည့် အခြားသောအခွင့်အရေးများ၊ ကုစားပြင်ဆင်မှုများ အားစွန့်လွှတ်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

## ၁၂။ လျော်ကြေး

မူလကတ်ကိုင်ဆောင်သူ၊ နောက်ဆက်တွဲကတ်ကိုင်ဆောင်သူ၊ အခွင့်အာဏာရပုဂ္ဂိုလ် တို့က Installment Payment Plan သို့မဟုတ် ကတ်ကိုအသုံးပြုမှုနှင့်ဆက်နွယ်၍ သို့မဟုတ် ဤသဘောတူညီချက်အားချိုးဖောက်ခြင်းကြောင့် ပေါ်ပေါက်လာရသော ဆုံးရှုံးမှုများ၊ ပေးရန်တာဝန်များ၊ စောဒကတက်မှုများ၊ ပျက်စီး မှုများ၊ ကုန်ကျစရိတ်များ၊ အသုံးစရိတ်များ (တရားရေးစရိတ်အတွက်လျော်ကြေးအပြည့်အဝပေးခြင်းအပါအဝင်) အတွက် ကတ်ကိုင်ဆောင်သူသည် KBZ ဘဏ်၊ ၎င်း၏အရာရှိများ၊ ကိုယ်စားလှယ်များ အား လျော်ကြေးပေးရမည်ဖြစ်ပြီး၊ ၎င်းတို့အပေါ် ထိခိုက်နစ်နာမှုမရှိစေရေးဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်မှုတွင် မသမာမှု၊ ကတ်အား ခွင့်ပြုချက်မရှိဘဲ သို့မဟုတ် တရားမဝင်အသုံးပြုမှု၊ ကတ် သို့မဟုတ် Smart Deal ကိုသုံးပြီး ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုကိုဝယ်ယူမှုနှင့်ဆက်နွယ်၍

ကုန်သည်၊ ငွေ လက်ခံမည့်သူ သို့မဟုတ် တတိယအုပ်စုဝင် တစ်ခုခု၏တောင်းဆိုမှုကြောင့် ပေါ်ပေါက်လာရသည့် ဆုံးရှုံးမှု သို့မဟုတ် ပေးရန်တာဝန်ဖြစ်ပေါ်မှု ဟုသာ ကန့်သတ်ထားခြင်းမဟုတ်သော်လည်း ယင်းတို့အပါအဝင်ဖြစ်သည်။ ဤလျော်ကြေးသည် Smart Deal သို့မဟုတ် ကတ်အားရပ်စဲပြီးနောက်တွင်လည်း ဆက်လက်တည်ရှိနေမည်။

## ၁၃။ ဉာဏပစ္စည်းမူပိုင်ခွင့်

ကမ္ဘောဇဘဏ်၏ Website နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ်ဖြင့်ဖြစ်စေပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကိုကိုယ်ကျိုးအတွက်သုံးစွဲခြင်းမပြုရသို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်း မပြုရ။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏ ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကို လည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၁၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ပိတ်ဆို့အရေးယူမှု

၁၄။၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့်သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ပါဝင်သည့် Transaction များပြုလုပ်ခြင်းမျးမှ ကမ္ဘောဇဘဏ်အားတားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၄၊၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆိုကိုက်ညီမှုရှိစေရေး အတွက် လိုအပ်သည့် သတင်းအချက်အားလုံးကို ကတ်ကိုင်ဆောင်သူက ပေးအပ်ရမည်။

၁၄.၃။ မည်သည့် Transactionအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ကတ်ကိုင်ဆောင်သူက ထုတ်ဖော်ကြေညာပြီးတာဝန်ယူသည်။

## ၁၅။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ကတ်ကိုင်ဆောင်သူက သိရှိသဘောတူပါသည်။ Website တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ကတ်ကိုင်ဆောင်သူတွင် တာဝန်အပြည့်အဝရှိပါသည်။ အပြောင်းအလဲတစ်ရပ် သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက် မည်သည့် ကမ္ဘောဇကတ် ဝန်ဆောင်မှုလုပ်ငန်းကိုမဆို အသုံးပြုခြင်းသည် အပြောင်းအလဲများ ဆောင်ရွက်ထားရှိပြီးဖြစ်သည့် စည်းကမ်းချက်များနှင့်သာ သက်ဆိုင်သည်။

## ၁၆။ လွှဲပြောင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းချက်သတ်မှတ်ချက်များအရ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ စာဖြင့်ရေးသားဖော်ပြ ထားသော သဘောတူညီချက်မရှိဘဲ ၎င်း၏ အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သော မည်သည့် အစိတ်အပိုင်းကို ဖြစ်စေ ဖော်ဆောင်ရန်အတွက် မည်သည့်ထပ်ဆင့်စာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

## ၁၇။ အာမခံခြင်း

Smart Deal အသုံးပြုမှု၏ စည်းကမ်းချက်တစ်ရပ်အနေနှင့် ကတ်ကိုင်ဆောင်သူသည် Smart Deal အား ဥပဒေနှင့်ကိုက်ညီမှု မရှိသည့်မည်သည့်ရည်ရွယ်ချက်မဆို အသုံးပြုမည်မဟုတ်ကြောင်း ကတ်ကိုင်ဆောင်သူက KBZ ဘဏ်အားအာမခံသည်။ ဝန်ဆောင်မှုများအားအသုံးပြုရာတွင် သက်ဆိုင် ရာ ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် ဥပဒေ ကြောင်းအရလိုအပ်ချက်များကို လိုက်နာပါမည်ဟူ၍လည်း ကတ်ကိုင်ဆောင်သူကသဘောတူသည်။

## ၁၈။ သီးခြားစီဖြစ်ခြင်း

ဤသဘောတူညီချက်၏ပြဋ္ဌာန်းချက်တစ်ခုချင်းစီသည် တစ်ခုနှင့်တစ်ခုသီးခြားစီတည်ရှိနေကြခြင်းဖြစ်ပြီး တစ်ခုနှင့် တစ်ခုကွဲပြားခြားနားပါသည်။ မည်သည့်အကြောင်းကြောင့်မဆိုနှင့် မည်သည့်ဥပဒေမဆိုအရ ဤသဘောတူညီချက် ပါ မည်သည့်ပြဋ္ဌာန်းချက်မဆိုသည် ခိုင်မာမှုမရှိခြင်း၊ ဥပဒေနှင့်ကိုက်ညီမှုမရှိခြင်း သို့မဟုတ် အသက်ဝင်ခြင်း မရှိတော့လျှင် ထိုသို့ပျက်ပြယ်သွားသည့်၊ ဆန့်ကျင့်ဖက်ဖြစ်သွားသည့်၊ အသက်ဝင်မှုမရှိတော့သည့်အပိုင်းသည် ကျန်စည်းမျဉ်းနှင့် စည်းကမ်း သတ်မှတ်ချက်များ၏ ခိုင်မာမှု၊ တရားဝင်မှု၊ အသက်ဝင်မှု တို့အပေါ် မည်သည့်အကြောင်းကြောင့် မဆို အကျိုးသက်ရောက်မှုဖြစ်စေခြင်း သို့မဟုတ် ပျက်ယွင်းခြင်းမရှိစေရ။

## ၁၉။ စွန့်လွှတ်ခြင်း

မည်သည့်အချိန်တွင်မဆို ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်(များ) အား အသက်ဝင်စေရန်အတွက် ဆောင်ရွက်ရန် မည်သည့်အဖွဲ့ကမဆို ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းသည် ထိုသို့သောအဖွဲ့က အခွင့်အရေးများအား စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်းမရှိစေရ။

## ၂၀။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့်စည်းကမ်းချက် များကို သဘောတူထားသည့်အဖွဲ့များက အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သူ၊ ဖက်စပ် လုပ်ငန်းများ၏ ဆက်ဆံရေးမျိုးကို ထူထောင်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်းမရှိစေရ။ အဖွဲ့များသည် သီးခြားလွတ်လပ်သော ကန်ထရိုက်တာများဖြစ်ပြီး မည်သည့်အဖွဲ့မဆိုသည် အခြားသောအဖွဲ့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်းများအတွက် တာဝန်မရှိစေရ။

## ၂၁။ လွှမ်းမိုးသော ဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်း စည်းကမ်းများ အရ

ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၂၂။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သော ကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်း သတ်မှတ်ချက်များကို သာလျှင် အမှန်ယူရမည်ဖြစ်သည်။

## ၂၃။ တယ်လီဖုန်းအမှတ်နှင့်လိပ်စာများ

ခွင့်ပြုချက်မရဘဲအသုံးပြုနေခြင်းများရှိနေသည် သို့မဟုတ် ရှိလာနိုင်သည်ဟုသည်နှင့်ပတ်သက်၍ အသိပေးအကြောင်းကြားရာတွင် KBZ သို့ ကတ်ကိုင်ဆောင်သူက ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်နှင့် အီးမေးလိပ်စာမှာအောက်ပါအတိုင်းဖြစ်သည် -

- Customer ဝန်ဆောင်မှု - **+၉၅၉၉၅၁၀၁၈၅၅၅**

# နောက်ဆက်တွဲ ၁

# အဖိုးအခနှင့် ဝန်ဆောင်ခ လမ်းညွှန်

| Smart Dealအတွက် ဝန်ဆောင်ခနှင့် ကျသင့်ငွေများ | | |
|---|---|---|
| **စဉ်** | **အကြောင်းအရာ** | **နှုန်းထား** |
| ၁ | Smart Deal မှတ်ပုံတင်ကြေး | ၁၀,၀၀၀ |
| ၂ | Smart Deal ပယ်ဖျက်ကြေး | ကျန်ရှိသော ပမာဏ၏ ၁% |
| ၃ | အတိုးနှုန်း | တစ်လလျှင် ၁% |

၁။ အရစ်ကျပေးချေမှုစနစ် အသုံးပြုနိုင်သည့် အနည်းဆုံး ငွေပေးချေမှုပမာဏမှာ တစ်ကြိမ်လျှင် ၁၅၀,၀၀၀ ကျပ် ဖြစ်သည်။

၂။ Smart Deal မှတ်ပုံတင်ကြေး သည် ဝန်ဆောင်မှုရယူချိန်တွင် တစ်ကြိမ်သာ ပေးချေရမည့် ဝန်ဆောင်ခဖြစ်သည်။

၃။ Smart Dealပယ်ဖျက်ကြေး ကို ပယ်ဖျက်သည့်အချိန်တွင် ကျန်ရှိနေသော လက်ကျန်ငွေအပေါ် အခြေခံ၍ တွက်ချက်မည်ဖြစ်သည်။

၄။ အတိုးနှုန်းကို သတ်မှတ်ချက်နှင့်ကိုက်ညီသော ငွေပေးချေမှု၏ မူလအရင်းအနှီး အပေါ်တွင် လစဉ်ကောက်ခံမည်ဖြစ်သည်။

၅။ KBZ ဘဏ်သည် IPP (Smart Deal) ဆိုင်ရာ စည်းကမ်းချက်များ၊ ဝန်ဆောင်ခများနှင့် အတိုးနှုန်းများကို ၎င်း၏ သဘောဆန္ဒအလျောက် ပြင်ဆင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းပြုလုပ်ရန် အခွင့်အရေးရှိသည်။

၆။ SMART DEAL (အရစ်ကျပေးချေမှုစနစ်) ကို အသုံးပြုခြင်းဖြင့် ကတ်ကိုင်ဆောင်သူသည် ဤစည်းကမ်းသတ်မှတ်ချက်များကို ဖတ်ရှုနားလည်ပြီးဖြစ်ကြောင်းနှင့် KBZ ဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်မွမ်းမံမည့် စည်းကမ်းချက်များကို လိုက်နာရန် သဘောတူညီကြောင်း အတည်ပြုဝန်ခံသည်။